NSW Department of Education

NSW GOVERNMENT

# ဦးခေါင်းရှိသန်းများနှင့်ပတ်သက်၍ မိဘများအား အကြံပြုချက်
# Parental advice concerning head lice

ကလေး၏အမည် ____________________ အတန်း/ အဖွဲ့ ________________

Child's name Class/Group

မိဘ/ ပြုစုစောင့်ရှောက်သူခင်ဗျာ/ရှင်

အထက်တွင်ဖော်ပြထားသော အတန်း/အုပ်စု တွင်းရှိ ကျောင်းသားအချို့၏ ဆံပင်တွင် သန်းဥများ သို့မဟုတ် သန်းများ တွယ်နေသည်ဟု သံသယရှိကြောင်း သင့်အား အကြောင်းကြားရန် ဤစာကိုရေးရပါသည်။

သင့်ကလေး၏ ဆံပင်ကို သန်းဥများ/သန်းများ ရှိမရှိ ယခုညတွင် စစ်ဆေးကြည့်ပါ။ အကယ်၍ သန်းဥများ သို့မဟုတ် သန်းများတွေ့ရှိပါက ပူးတွဲပါ *"ဦးခေါင်းရှိသန်းများ ရှင်းလင်းကုသရန် နည်းလမ်းများ"* ဟု ခေါင်းစဉ်တပ်ထားသော သတင်းအချက်အလက်စာစောင်တွင် အကြံပေးထားသည့်အတိုင်း စတင်ရှင်းလင်း ကုသပါ။

ဦးခေါင်းရှိသန်းများအကြောင်း သတင်းအချက် အလက်များထပ်မံသိလိုလျှင် အင်္ဂလိပ် ဘာသာဖြင့် ဖော်ပြထားသော ဖော်ပြပါ NSW ကျန်းမာရေးဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင် ပါသည်။
https://www.health.nsw.gov.au/environment/headlice/Pages/treatment.aspx
သို့မဟုတ် ဌာန၏ ဖော်ပြပါ ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုနိုင်ပါသည်။
https://education.nsw.gov.au/student-wellbeing/health-and-physical-care/health-care-procedures/conditions/head-lice

သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ကျောင်းအုပ်ကြီးထံသို့ ဖုန်းဆက်နိုင်ပါသည်။ ကျောင်းအုပ်ကြီးအားဆက်သွယ်ရာတွင် သင့်ကိုကူညီရန် စကားပြန်လိုအပ်ပါက တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုလုပ်ငန်း 131 450 သို့ခေါ်ဆိုပြီး သင်၏ ဘာသာစကားပြောသော စကားပြန် တောင်းယူပါ။ တယ်လီဖုန်း ဖြေကြားသူက စကားပြန် တစ်ယောက်ကို ခေါ်ယူပေးမည် ဖြစ်ပြီး ထိုဝန်ဆောင်မှုအတွက် အခကြေးငွေ ပေးရန်မလိုပါ။

ဤကိစ္စနှင့်ပတ်သက်၍ သင်၏အကူအညီကို အလေးထားပါသည်။

လေးစားစွာဖြင့်

ကျောင်းအုပ်ကြီး သို့မဟုတ် တာဝန်ပေးထားသူ
Principal or Nominee